


CamScanner

www.facebook.com/timestudymyanmarjp



အပိုင်း (၁၅)

# နှင်းလားဟွဲ ဂျပန်

● မီအိုက အိအိချော

သည်လို နားလည်နိုင်ဖို့အဆင့်ကိုကျွန်မတို့ ဘယ်ကနေ ရယူကြမလဲဆိုတော့ ကိုယ့်မြန်မာ နိုင်ငံမှာ စိတ်အေးလက်အေး ပူပင်စရာမရှိသည့် အခြေအနေမျိုးနှင့် ဂျပန်စာ N3ကိုအောင်အောင် ဖြေပြီး N2 ကို လေ့လာနေဆဲ (စာမေးပွဲ မဖြေရ သေး၊ မအောင်သေးလျှင်လည်း ရသည်) အဆင့် လောက်ဆိုလျှင် အတော်လေးကြာနိုင်ပါသည်။ သည့်နောက်ဆိုလျှင်တော့ ဆက်လေ့လာဖို့ရန် အရှိန်နည်းနည်းရသွားလို့ပဲ ဖြစ်ပါသည်။ အဲ့သည် အချိန်လောက်ဆိုလျှင် ことば(စကားလုံးအဓိပ္ပာယ် တွေ) သဒ္ဒါတွေကို ဂျပန်လိုရှင်းပြထားတာမျိုးကို တစ်စထက် တစ်စ ဖတ်နိုင်လာပြီဖြစ်သောကြောင့် လည်း ဖြစ်ပါသည်။

တကယ်တော့ မြန်မာပြန်ထားသည့် အဓိပ္ပာယ်ထက် တခါတခါမှာ ဂျပန်လိုရှင်းပြထားသည်များကို ဖတ်ရသည်က ပိုပြီးနက်နက်ရှိုင်းရှိုင်းခွဲခြမ်းစိတ်ဖြာပြီး နားလည်လာမိသောကြောင့်လည်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘာသာစကားတစ်ခုမှ တစ်ခုသို့ စကားလုံးချင်းဖလှယ်ရာတွင် တစ်ခါတစ်ခါမှာ ထပ်တူထပ်မျှ ဘာသာပြန်၍ မပြည့်စုံတာတွေ ရှိနေသောကြောင့်လည်း ဖြစ်ပါသည်။ သည်အကြောင်းအရာများနှင့်ပတ်သက်၍ ကျွန်မတွေးမိသမျှလေးတွေ ပြောပြချင်ပါသည်။ ကျွန်မသာဆိုလျှင် ဂျပန်ဘာသာ N5, N4, N3 ကို ဂျပန်နိုင်ငံမှာကျောင်းလခတစ်လကိုငါးသိန်းဝန်းကျင်ပေးပြီးတက်မည့်အစားကိုယ့်နိုင်ငံမှာသောကကင်းကင်းနှင့် စိတ်အေးလက်အေး သင်ယူမည် ဖြစ်ပါသည်။ အတန်းတွေမှာ လိုက်တတ်မည်ဆိုပါလျှင် မနောရမ္မလို ပညာဒါနကျောင်းတွေ ရှိသည်။

သင်တန်းတွေမှာ လိုက်တက်မည်ဆိုပါက အနည်းဆုံးတစ်လတစ်သောင်းခန့်မှ သုံးသောင်း၊ ငါးသောင်း အိမ်အထိလိုက်သင်ပေးသည့် ဆရာဆိုလျှင် တစ်လ သုံးသောင်း၊ ငါးသောင်း၊ တစ်သိန်း (ခန့်မှန်းချေပြောခြင်းဖြစ်ပါသည်။ သင်ယူမည့် Level ၊ ပေးရမည့်အချိန်နှင့်ဆရာ၊ဆရာမ တစ်ဦးချင်း၏ ကျွမ်းကျင်မှုအလိုက် သတ်မှတ်ထားသော ပညာသင်ကြေးများပေါ် မူတည်ပြီး တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ကြပါ။)ပြီးလျှင် N2သဒ္ဒါများကို ကုန်အောင်လေ့လာကျက်မှတ်ပြီးသကာလ ဂျပန်နိုင်ငံကို အေးအေးဆေးဆေးလေးလာမည်။ အလုပ်ကလည်း စကားရနေတော့ ကြိုက်ရာရွေးမည်။ ဂျပန်အသိမိတ်ဆွေသူငယ်ချင်းများတိုးပွားအောင် လုပ်မည်။ သိချင်တာတွေ လျှောက်မေးမည်။ သေသေချာချာ သင်ယူလေ့လာကြမည်။

ကိုယ်က စာသင်လာခဲ့ပြီး အခံရှိထားပြီ ဖြစ်သောကြောင့် ကျောင်းမှစာတွေကိုလည်း အသည်းအသန်လိုက်စရာ မလိုတော့ ကိုယ့်အတွက် ပြန်

**" ထို့ကြောင့်ကိုယ့်အတွက် လက်တွေ့ အသုံးချလို့ရနိုင်သည့် အထိ ပညာ သင်ကြားပေးနိုင်မည့် တကယ့်ကျောင်း ကောင်းကောင်းကို ရှာဖွေရရှိနိုင်ဖို့ကလည်း အရေးကြီးလှသောကြောင့်လည်း ဖြစ်ပါသည်။**

လှန် လေ့ကျင့်ခန်းလုပ်နေသလို သဘောထားပြီး ဂျပန်စရာတွေ သင်ပေးသမျှကို ခေါင်းထဲ သေသေချာချာရိုက်သွင်းမည်။ ပြီးလျှင် လက်တွေ့ပြန်လည်အသုံးချမည်။ တကယ်တော့ ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုပါလျှင် ကျောင်းမှာသင်သည့်စာနှင့် အပြင်လောကလုပ်ငန်းခွင်ထဲမှာ တကယ်အသုံးချရသည့်ဂျပန်စကား ကွာခြားပါသည်။ သို့သော် လက်တွေ့ အသုံးချလို့ ရသည့်နယ်ပယ်မှာ ပါးပါးလေး တစ်လွှာချင်း လှီးပြီး ပြန်လည်အသုံးချရပါသည်။ ဒါသည်ပင် ဂျပန်နိုင်ငံကို လာရောက်ပညာသင်ယူရခြင်းနှင့်တစ်လကို၅သိန်းခန့်အကုန်အကျခံပြီး တက်ရသည်မှာ တန်သည်ဟူသောအချက်ပဲ ဖြစ်ပါသည်။

သည်လိုမှမဟုတ်လျှင်တော့ စီးပွားရေး စကားနှင့်ပြောရလျှင် ရှုံးပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မတို့ကျောင်းလခကို တနင့်တပိုးကြီး သွင်းထားကြပြီး ဂျပန်ကို လာခဲ့ကြသည်၊ သည်ရောက်တော့ အပြင်မှာ အချိန်ပိုင်းတွေ လုပ်ပြီး ရှာသည့်ပိုက်ဆံကိုသာမြင်၍ ကျောင်းခန်းထဲမှာ စာသင်ဖို့ကို စိတ်မဝင်စား၊ မသင်ခဲ့ဘူးဆိုလျှင် ကျောင်းသာ ပြီးသွားသည် ဘာမှမရလိုက်ကြဘူးဆိုလျှင် ကျွန်မတို့ကုန်တိုက်တစ်ခုမှာ ကိုယ့်ပိုက်ဆံနှင့် ကိုယ်တန်ဖိုးကြီးကြီးပေးဝယ်ထားပြီးသည့် ပစ္စည်းတစ်ခုကို ငွေချေပြီး ယူမသွားသူနှင့် တူနေပါသည်။ အင်မတန်မှ နမြောစရာကောင်းသည့် အချက်ပဲ ဖြစ်ပါသည်။ ထို့ကြောင့် လတ်တလော



CamScanner

အခြေအနေတစ်ခုထဲကိုပဲ မကြည့်ဘဲ ရေရှည်ကိုယ့်ဘဝအတွက် အသုံးချ၍ရနိုင်မည့်အရာကို ရည်မှန်းချက်ချ၍ ကြိုးကြိုးစားစား လေ့လာသင်ယူသင့်သည်ဟု ကျွန်မ ထင်မြင်ယူဆမိပါသည်။ သည်တော့ ဂျပန်နိုင်ငံမှာ ဂျပန်စာအပြင် ကျွန်မတို့ ဘာတွေကို လေ့လာသင်ယူကြမည်နည်း။

သင်ယူလာခဲ့ပြီးလျှင် ကိုယ့်နိုင်ငံမှာ စီးပွားဖြစ် ပြန်လည်အသုံးချနိုင်ရမည့်ပညာကို သင်ယူရန် အစကတည်းက ရည်မှန်းချက်ထားပြီး ထိုလမ်းမှ သွေဖီမသွားအောင် သွားဖို့ လိုအပ်သည်ဟု ကျွန်မ ထင်ပါသည်။ တစ်ခုချင်းကို ကျွန်မ ပြောပြပါမည်။ ဂျပန်နိုင်ငံမှာ မုန့်အမျိုးအစားပေါင်း မရေမတွက်နိုင်လောက်အောင် အမြောက်အမြား ရှိကြပါသည်။ ဆေးသကြားကို မသုံးဘဲ ဆိုးဆေးအန္တရာယ်ကင်းဝေးစေပြီးအရသာလည်းအင်မတန်မှကောင်းမွန်သည့် မုန့်ဖုတ်နည်းပညာများသူမတူအောင်တွန်းကားပါသည်။

ကိတ်မုန့်၊ ပေါင်မုန့် မုန့်အမျိုးမျိုးလုပ်သည့် ပညာသင်ပေးသည့်ကျောင်းများရှိပါသည်။ သည်ပညာရပ်တစ်ခုထဲနှင့်ပင် ကြိုးစားလုပ်ဆောင်မည်ဆိုပါက ကိုယ့်နိုင်ငံမှာ စီးပွားဖြစ်နိုင်ပါသည်။ သည်ပညာရပ်ကို လေ့လာမည်ဟု ဆုံးဖြတ်လိုက်ပြီဆိုပါလျှင် ဂျပန် ရောက်တာနှင့် လက်တွေ့လေ့လာမည်။ ထုပ်ပိုးပုံထားသိုပုံ၊ စသည့်နည်းစနစ်တွေကို လေ့လာထားမည်။ မုန့်အမျိုးအစားအမျိုးမျိုး ရောင်းသည့်ဆိုင်မျိုးတွေမှာ အချိန်ပိုင်းအလုပ်တွေရှာမည်။ ဈေးကွက်မှာဘယ်လိုဖြန့်ကြသည်။ ဘယ်လိုနည်းပညာမျိုးတွေသုံးပြီးကုန်စည်



လည်ပတ် စီးဆင်းမှုတွေ ပြုလုပ်ကြသည်။ ဒါတွေကိုသိအောင်လုပ်မည်။ ဂျပန်နိုင်ငံမှမုန့်များမှာ ဒီဇိုင်းအပြင်အဆင်ထုပ်ပိုးပုံမှအစ သပ်ရပ်သန့်ရှင်းလှပနေပြီးစားချင်စိတ်ပေါ်လာအောင်ဆွဲဆောင်နိုင်စွမ်းရှိအောင် ထုတ်လုပ်ထားပုံများမှာ အင်မတန်မှကို စိတ်ဝင်စားဖွယ်ရာကောင်းလှပါသည်။ ဒါတင်မက အိတ်ကို ဖွင့်ဖောက်ပုံနည်းစနစ်က အစ လေးစားအတုယူဖွယ်ကောင်းလွန်းလှပါသည်။ ဒါတင်မကသေး ဂျပန်စာကျောင်းပြီးပြီဆိုပါက ဘယ်လိုကျောင်းမျိုးမှာ သည်လိုမုန့်လုပ်နည်းပညာကို ကောင်းကောင်းလေ့လာသင်ယူနိုင်မလဲ ဆိုတာကိုပါ ကြိုတင်ပြင်ဆင်ပြီး လေ့လာထားသင့်ပါသည်။

အဘယ်ကြောင့်ဆိုသော် ဂျပန်မှစီးပွားဖြစ်ရှုံ လုပ်စားနေသော ကျောင်းများလည်း ရှိနေသည့်အတွက်ကြောင့်ပဲ ဖြစ်ပါသည်။ သည်အကြောင်း



နှင့် ပတ်သက်၍ပြောရမည်ဆိုပါလျှင် အချို့က Language School ပြီးသွား၍ ကောလိပ်၊တက္ကသိုလ်တို့မှာကျောင်းဆက်တက်ရန်ရွေးသည့်အခါ ကျောင်းလခ ယန်းသောင်း ၆၀ လောက်သာပေးရမည့် စီးပွားရေးပညာရပ်ကို သင်ပေးသည့် ဈေးသက်သာသည့်ကျောင်းများကိုရှာပြီး ကျောင်းပြီးရော တက်ကြပါသည်။ ကျွန်မကတော့ သည်လိုမတွေးပါ။ ယန်းသောင်း ၆၀ ဆိုသည့်




ငွေပမာဏ မနည်းလှပါ။

ထို့ကြောင့် သင်မည်ဆိုလျှင် ပိုက်ဆံပေးရမည့်အတူတူ နဲနဲပိုပေးရလျှင်တောင်မှ ကိုယ့်အတွက် မြန်မာနိုင်ငံပြန်လျှင် တစ်ခုခု စီးပွားရေးလုပ်စားလို့ရမည့် အသက်မွေးဝမ်းကြောင်းမှုအတတ်ပညာကို သင်ကြားပေးနိုင်သည့်ကျောင်းကို ရွေးမည်ဖြစ်ပါသည်။ သည်လိုမှ မဟုတ်လျှင်တော့ကျွန်မသူဌေးဂျပန်လူမျိုးပြောသောစာအုပ်ထဲမှ ပညာရေးကြီးကို သင်ပြီး လက်တွေ့ဘဝမှာအသုံးချဖို့ရန်အတွက် တစ်ခါ ထပ်ပြီး ပညာသင်ယူရဦးမည့် လမ်းကို မရွေးချယ်လိုပါ။ ထို့ကြောင့်ကိုယ့်အတွက် လက်တွေ့အသုံးချလို့ရနိုင်သည့်အထိ ပညာသင်ကြားပေးနိုင်မည့်တကယ့်ကျောင်းကောင်းကောင်းကို ရှာဖွေရရှိနိုင်ဖို့ကလည်း အရေးကြီးလှသောကြောင့်လည်း ဖြစ်ပါသည်။

နောက်တစ်ခု ပြောရမည်ဆိုပါလျှင် ဂျပန်နိုင်ငံမှာဟင်းသီးဟင်းရွက်၊အသီးအနှံအင်မတန်မှလတ်ဆတ်ကောင်းမွန်လှပါသည်။ ဈေးကြီးသည်ဟုဆိုသော်လည်း လူခန္ဓာကိုယ်မှာလိုအပ်သည့်အဟာရကိုအမှန်တကယ်ဖြည့်ဆည်းပေးနိုင်စွမ်းရှိပြီး အရည်အသွေးကို အပြည့်အဝထိန်းသိမ်းထားရသည့်စိုက်ပျိုးရေးနည်းပညာများကို အသုံးချထားရုံတင်သာမက စားသုံးသူလက်ဝယ်သို့လှလှပပနှင့် အန္တရာယ်ကင်းကင်းအရောက် ပို့ဆောင်နိုင်ဖို့အတွက်အဆင့်ဆင့်ဖြတ်သန်းရသည့်သယ်ယူထုပ်ပိုးမှုစနစ်များအတွက်ကြောင့်လည်းဖြစ်ပါသည်။ (သည်အကြောင်းများနှင့်ပတ်သက်၍တော့အသီးအနှံ ထုပ်ပိုးဖြန့်ဖြူးသည့်ကုမ္ပဏီတွင် ယခုကျွန်မ အချိန်ပိုင်းအလုပ် လုပ်နေရင်းနှင့်သိရှိခဲ့ရသောစိတ်ဝင်စားဖွယ်အတွေ့အကြုံများကိုနင်လားဟဲ့ ဂျပန်အပိုင်းများတွင်ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်) ထို့ကြောင့် အဆိုပါပညာရပ်များအပြင် ဖက်ရှင်နှင့် ဒီဇိုင်းပညာလည်း အင်မတန်မှကောင်းမွန်ပါသည်။

နှင့် ပတ်သက်၍ပြောရမည်ဆိုပါလျှင် အချို့က Language School ပြီးသွား၍ ကောလိပ်၊တက္ကသိုလ်တို့မှာကျောင်းဆက်တက်ရန်ရွေးသည့်အခါ ကျောင်းလခ ယန်းသောင်း ၆၀ လောက်သာ ပေးရမည့် စီးပွားရေးပညာရပ်ကို သင်ပေးသည့် ဈေးသက်သာသည့်ကျောင်းများကိုရှာပြီး ကျောင်းပြီးပြီးရော တက်ကြပါသည်။ ကျွန်မကတော့ သည်လိုမတွေးပါ။ ယန်းသောင်း ၆၀ ဆိုသည့် ငွေပမာဏ မနည်းလှပါ။




ထို့ကြောင့် သင်မည်ဆိုလျှင် ပိုက်ဆံပေးရမည့်အတူတူ နဲနဲပိုပေးရလျှင်တောင်မှ ကိုယ့်အတွက် မြန်မာနိုင်ငံပြန်လျှင် တစ်ခုခု စီးပွားရေး လုပ်စားလို့ရမည့် အသက်မွေးဝမ်းကြောင်းမှုအတတ်ပညာကို သင်ကြားပေးနိုင်သည့်ကျောင်းကို ရွေးမည်ဖြစ်ပါသည်။ သည်လိုမှ မဟုတ်လျှင်တော့ ကျွန်မသူဌေးဂျပန်လူမျိုးပြောသောစာအုပ်ထဲမှ ပညာရေးကြီးကို သင်ပြီး လက်တွေ့ဘဝမှာ အသုံးချဖို့ရန်အတွက် တစ်ခါ ထပ်ပြီး ပညာသင်ယူရဦးမည့် လမ်းကို မရွေးချယ်လိုပါ။ ထို့ကြောင့် ကိုယ့်အတွက် လက်တွေ့အသုံးချလို့ရနိုင်သည့် အထိ ပညာသင်ကြားပေးနိုင်မည့်တကယ့်ကျောင်းကောင်းကောင်းကို ရှာဖွေရရှိနိုင်ဖို့ကလည်း အရေးကြီးလှသောကြောင့်လည်း ဖြစ်ပါသည်။


နောက်တစ်ခု ပြောရမည်ဆိုပါလျှင် ဂျပန်နိုင်ငံမှာဟင်းသီးဟင်းရွက်၊အသီးအနှံအင်မတန်မှ လတ်ဆတ်ကောင်းမွန်လှပါသည်။ ဈေးကြီးသည်ဟုဆိုသော်လည်း လူခန္ဓာကိုယ်မှာလိုအပ်သည့် အဟာရကို အမှန်တကယ်ဖြည့်ဆည်းပေးနိုင်စွမ်းရှိပြီး အရည်အသွေးကို အပြည့်အဝထိန်းသိမ်းထားရသည့်စိုက်ပျိုးရေးနည်းပညာများကို အသုံးချထားရုံတင်သာမက စားသုံးသူလက်ဝယ်သို့ လှလှပပနှင့် အန္တရာယ်ကင်းကင်းအရောက် ပို့ဆောင်နိုင်ဖို့အတွက်အဆင့်ဆင့်ဖြတ်သန်းရသည့် သယ်ယူထုပ်ပိုးမှုစနစ်များအတွက်ကြောင့်လည်းဖြစ်ပါသည်။ (သည်အကြောင်းများနှင့်ပတ်သက်၍ တော့ အသီးအနှံ ထုပ်ပိုးဖြန့်ဖြူးသည့်ကုမ္ပဏီတွင် ယခု ကျွန်မ အချိန်ပိုင်းအလုပ် လုပ်နေရင်းနှင့်သိရှိခဲ့ရသော စိတ်ဝင်စားဖွယ်အတွေ့အကြုံများကိုနင်လားဟဲ့ ဂျပန်အပိုင်းများတွင်ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်) ထို့ကြောင့် အဆိုပါပညာရပ်များအပြင် ဖက်ရှင်နှင့် ဒီဇိုင်းပညာလည်း အင်မတန်မှကောင်းမွန်ပါသည်။

CamScanner

ရိုးရိုးရှင်းရှင်းလေးနှင့် လူတစ်ယောက်၏အဆင့်အတန်းနှင့် သူ့ဘာသိုတာကိုပါ ထုတ်ဖော်ပြသနိုင်စွမ်းရှိသော ဒီဇိုင်းအတွက်စဉ်းစားပုံစဉ်းစားနည်းမှ အင်မတန်မှုကို ပညာယူစရာကောင်းလှပါသည်။ ဆိုလိုသည်မှာ သူတို့ဆီမှ ကုတ်အင်္ကျီတစ်စုံဝယ်မည်ဆိုပါစို့ သူတို့မှာ နမူနာအင်္ကျီ နှစ်ထည်လောက်ကို ထုတ်ပေးမည်။ ကျွန်မက ဝတ်ကြည့်လိုက်ပြီးရင် ခါးအနေတော်ပဲ ဖြစ်သည်ဟုဆိုလိုက်သည်နှင့် Set လိုက်ကို ကုတ်အင်္ကျီ၊ စကတ်၊ အတွင်းရှပ်အင်္ကျီ၊ စတိုင်ဘောင်းဘီရှည် အားလုံးကွက်တိပဲ ဖြစ်ပါသည်။

အပိုအလို မရှိပါ။ ဒါတင်မက သေးပါ ဝတ်လိုက်သည့်အခါမှာလည်း တစ်နေရာရာမှာ တစ်ခုခုဖြစ်နေတာမျိုး မရှိဘဲ အင်မတန်မှုကိုသက်တောင့်သက်သာရှိသည့်အပြင် ဝတ်ထားရသည့်အတွက်လည်း ကိုယ့်ကိုကိုယ် စမတ်ကျနေပြီး စိတ်ရောကိုယ်ပါ ယုံကြည်မှုအပြည့်နှင့်စိတ်ကြီးပါဝင်သွားနိုင်အောင် အသေးစိတ်ကအစ ဝတ်ဆင်သူကိုအဆင်ပြေစိတ်ကျေနပ်မှု ပေးစွမ်းနိုင်အောင် ချုပ်လုပ်နိုင်ကြသောနည်းပညာမျိုး သင်ယူလေ့လာသင့်ပါသည်။ ဈေးကတော့ ကြီးပါသည်။ သို့သော်လည်း ပေးရသလောက်တန်သည်ဟုတော့ ခံစားမိပါသည်။ အဘယ်ကြောင့်ဆိုသော် ဂျပန်နိုင်ငံမှ အဝတ်အစားဒီဇိုင်းများမှာ ရိုးရှင်းသည်နှင့်အမျှ စမတ်ကျရုံသာမက အဆင့်အတန်းမြင့်မားသည့် ဒီဇိုင်းပညာနှင့် သပ်ရပ်မှုသည်မိန်းကလေးတစ်ဦး၏အလှတရားနှင့်ပုံရိပ်ကိုပါ ကောင်းမွန်စွာ၊ လုံခြုံစွာထင်ဟပ် ဖော်ပြသပေးနိုင်စွမ်းရှိသည်ဟု ကျွန်မခံစားမိသောကြောင့်ဖြစ်ပါသည်။

ဂျပန်နိုင်ငံမှ အဝတ်အစားရောင်းသည့် ဖက်ရှင်ဆိုင်များမှာ ချိတ်ဆွဲထားသည့်ဒီဇိုင်းများကို သေသေချာချာကြည့်ကြည့်မည်ဆိုပါကထိုအချက်ကို ပိုမိုသဘောပေါက်နိုင်မည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဂျပန်နိုင်ငံသည် မြန်မာ





十二月十三日(金) 九時三十分




Photo Credit : Internet

နိုင်ငံကဲ့သို့ နဂိုမူလကတည်းက မိန်းကလေးများ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ ယဉ်ကျေးမှုကို အထူးဂရုစိုက်သောတိုင်းပြည်ဖြစ်သည့်အပြင် ဝတ်စားဆင်ယင်မှုအပိုင်းမှာလည်း စည်းကမ်းရှိကြသောကြောင့်ဖြစ်ပါသည်။ ကျွန်မကို အကျီအတိုင်း ပေးဝတ်ကတည်းက ဆိုင်မှ ဝန်ထမ်းက ပြောပါသည်။ ရင်နေရာမှာ ကြယ်သီးတပ်လို့ ဟနေတာမျိုး၊ အတင်းဆွဲ တပ်ထားရသည့် ပုံမျိုးလုံးဝမဖြစ်ပါစေနှင့်။ သပ်သပ်ရပ်ရပ် ရှိနေပါစေ။ သူတို့ဂျပန်လူမျိုးတွေအတွက် အမြင်ရိုင်းပါသည်။ ထို့ကြောင့် ဒါကို အထူးသတိပြုပါဟု ဆိုပါသည်။ ဒါတင်မက စကတ်ဆိုလျှင်လည်း ထိုင်လိုက်လို့ ဒူးအထက်မှာ လက်နှစ်လုံးလောက် အနေအထားမျိုးပဲ ရှိရမည်။ သည့်ထပ်ပိုပြီး မတိုပါစေနှင့်။ ဒါက အလုပ်အတွက်၊ ကျောင်းအတွက် အင်တာဗျူးဝင်မည့်သူများအဝတ်အစားနှင့်ပတ်သက်၍အထူးမှာကြားချက်ပဲဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မတို့ မြန်မာအမျိုးသမီးများ မြန်မာဝတ်စုံကို ကျက်



CamScanner



သရေရှိစွာ ဝတ်ဆင်ကြပြီး၊ ရိုးရိုးရှင်းရှင်းလုံလုံခြုံခြုံလေးနှင့် ခေတ်မီမီစမတ်ကျကျ ဝတ်ချင်သည်ဆိုပါလျှင်တော့ ဂျပန်ဖက်ရှင်များကိုအတုယူ ဝတ်ဆင်နိုင်ကြပါသည်။

သည့်အပြင် IT နည်းပညာ၊ Media ပိုင်းဆိုင်ရာနှင့် မော်တော်ကားပြုပြင်ထိန်းသိမ်းခြင်းနည်းပညာ၊ အင်ဂျင်နီယာအတတ်ပညာ၊ ဘာသာပြန်၊ စကားပြန် စသည့်အခြားအခြားသောပညာရပ်များလည်း အများအပြားရှိနေပါသောကြောင့် ဝက်ဘ်ဆိုဒ်များမှနေ၍ မိမိဝါသနာနှင့် ကိုက်ညီမည့်ပညာရပ်များကိုသင်ယူလေ့လာနိုင်မည့်ကျောင်းများကို ကြိုတင်၍ စူးစမ်းရှာဖွေထားသင့်ပါသည်။ အကယ်၍အဆိုပါကျောင်းများတွင် တက်ရောက်သင်ကြားနေသည့် မိမိအသိသူငယ်ချင်းများရှိပါလျှင်လည်း မေးမြန်းစုံစမ်းထားသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော်ကျောင်းအရွေးမှားသွားပြီဆိုသည်နှင့် ငွေကြေးဆုံးရှုံးရုံသာမက ပေးဆပ်လိုက်ရသည့်အချိန်နှင့် မိမိဦးနှောက်၏သင်ယူအသုံးချနိုင်စွမ်းရှိသည့် စွမ်းအား အရင်းအမြစ်များကိုပါ ဆင့်ကာဆင့်ကာ ဆုံးရှုံးကြရမည်ဖြစ်သောကြောင့် သေချာစဉ်းစား၍ ရွေးချယ်သင့်လှပါသည်။ ထိုနေရာတွင် အထူးသတိပြုရမည့်အချက်မှာ ကျောင်းက မိတ်ဆက်ပေးသည့်ကျောင်းများကိုသာမျက်စိမှိတ်ရုံပြီးရွေးချယ်လိုက်တာမျိုးကို မလုပ်ဘဲနှင့် ကိုယ့်ကိုယ်တိုင်လည်း သေချာလေ့လာ၊ စုံစမ်းပြီး တကယ်ကိုယ်သင်ချင်သည့်ပညာရပ်ကို ထိထိရောက်ရောက် သင်ကြားနိုင်မည့်ကျောင်းမျိုးလားဆိုတာကို သေချာစဉ်းစားစိစစ်ပြီးမှ ဆုံးဖြတ်ရွေးချယ်သင့်ပါကြောင်း အကြံပြုလိုက်ရပါသည်။

သည်တော့ ဂျပန်ကို လာရန်ဆိုသည့်ရည်မှန်းချက်ကို ဆုပ်ကိုင်၍ ဂျပန်စာကို ကြိုးကြိုးစားစားသင်ယူနေကြသည့်ကျောင်းသူ၊ကျောင်းသားများအနေဖြင့် ဂျပန်စာကို တစ်ဆင့်ချင်းအကျိုးရှိရှိ လေ့လာသင်ယူကြရင်း ကိုယ့်ဘဝအတွက်ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းနိုင်မည့်အသိပညာအတတ်ပညာတစ်ခုခုကို ဂျပန်နိုင်ငံမှအပါသယ်ရင်းသားရွှေအိုးထမ်းပြီးအမိနိုင်ငံသို့ဂုဏ်ယူဝံ့ကြွားစွာပြန်နိုင်ရေးအတွက် အစကောင်းမှအနှောင်းသေချာဆိုသလို ကြိုတင်ပြင်ဆင်ခြင်းဖြင့် အောင်ပွဲဝင်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

(ဆက်လက်ဖော်ပြပါမည်)